စာအမှတ်.............
ရက်စွဲ...............

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်သမ္မတရုံး

**ညွှန်ကြားချက်အမှတ်၊ ၁ / ၂၀၁၇**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း**

၁။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငှားရမ်းရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များကို နိုင်ငံတော်သမ္မတရုံးက ၅-၄-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၃) ဖြင့် **"ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များ"** ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနက "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်" ကို ၉ - ၁ - ၂၀၁၄ နှင့် ၆ - ၉ - ၂၀၁၆ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

၃။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ နိုင်ငံတော်နှင့်အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၄။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအမြင်တွင် သံသယကင်းရှင်းစေရန်အတွက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်သည့် အခါတင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်/ကုမ္ပဏီသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရနှင့် လုပ်ငန်းအရ ပတ်သက်ခြင်းတို့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရပါမည်။ ထို့အပြင် တင်ဒါရွေးချယ်မှုကို မလျော်ဩဇာသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုရှိစွာနှင့် ပွင့်လင်း မြင်သာစွာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် တင်ဒါခေါ်ယူရာတွင် ဤညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်" ကိုလည်း လိုက်နာဆောင်ရွက်ရပါမည်။

၆။ နိုင်ငံတော်၏စီမံကိန်းလုပ်ငန်းကြီးများအား တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ သဘောတူခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရန်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ခွင့်ပြုချက် ရယူဆောင်ရွက်ကြရန် ဖြစ်ပါသည်။

၇။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါခေါ်ယူသည့် ကိစ္စရပ်တိုင်းအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများမှ အောက်ပါအတိုင်း ရန်ပုံငွေခွင့်ပြုချက်တောင်းခံရမည်-

(က) ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ကျခံသုံးစွဲပြီး တင်ဒါခေါ်ယူမည့် စီမံကိန်း၊ လုပ်ငန်းများအား သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရန်၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာတန်ဆာပလာများ၊ ရုံးသုံးယာဉ်များနှင့် အခြားစရိတ်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရန်၊

(ဂ) သာမန်အသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် ကုန်ကြမ်း၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ပညာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကဲ့သို့ ကိစ္စရပ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲခဲ့သည့် စီမံကိန်း၊ လုပ်ငန်းများအတွက် သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲမည့် အကြီးစားပြင်ဆင်ထိန်းသိမ်းရေးကိစ္စရပ်များအား သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ပါဝင်ရန်၊

(ဃ) နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲမည့် တည်ဆောက်ခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ် နိုင်ငံခြားသုံးငွေစာရင်းတွင် ပါဝင်ရန်။

၈။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် "တင်ဒါကော်မတီ"၊ "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ"၊ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ"၊ "အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ" တို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၉။ "တင်ဒါကော်မတီ" ဖွဲ့စည်းရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်မှ "တင်ဒါကော်မတီ" ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်း၏အကြီးအကဲများပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှကျခံ၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင်ခေါ်ယူသည့် တင်ဒါများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများမှ "တင်ဒါကော်မတီ" ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်တိုင်းဒေသကြီး၊ ပြည်နယ်ဌာနအကြီးအကဲများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ကိုယ်စားလှယ်များပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှကျခံ၍ တင်ဒါခေါ်ယူခြင်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်ဌာနနှင့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။

၁၀။ "တင်ဒါကော်မတီ" အနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်နိုင်သည်၊

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ(၂)ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသောဆက်စပ်ဌာနအဖွဲ့အစည်းများမှ အနည်းဆုံး (၃) ဦးပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက်ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင်ကြေညာရမည်၊

(ဃ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေ သုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင်ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူရမည်၊

(င) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေရမည်။

၁၁။ "တင်ဒါကော်မတီ" သည် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် ရက်သတ္တ(၂)ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသောဆက်စပ်ဌာန၊ အဖွဲ့အစည်းများမှ အနည်းဆုံး (၃) ဦး ပါဝင်ဖွဲ့စည်းရမည်၊

(ခ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းနှင့် အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် (၁) လ ကြိုတင်ကြေညာရမည်။

၁၂။ "တင်ဒါကော်မတီ" သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက်ရှိ/မရှိ စိစစ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(င) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့်နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဆ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း။

(ဇ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဈ) တင်ဒါအောင်မြင်သူ အား ကြေညာခြင်း၊

(ည) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

၁၃။ "တင်ဒါကော်မတီ" သည် "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(က) "တင်ဒါကော်မတီ" သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း၏ဈေးကွက်အခြေအနေကို နားလည်တတ်ကျွမ်းသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး (၃) ဦး ပါဝင်သည့် "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" အား ဖွဲ့စည်းတာဝန်ပေးအပ်ရမည်၊

(ခ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြရမည်။

၁၄။ "တင်ဒါကော်မတီ" သည် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(က) "တင်ဒါကော်မတီ" သည် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို ဌာန ကိုယ်စားလှယ်များအပြင် တည်ဆောက်ခြင်း၊ ဝယ်ယူမည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု နှင့်စပ်လျဉ်း၍ တတ်ကျွမ်းနားလည်သည့်ဆက်စပ်ဌာနများမှကိုယ်စားလှယ် အနည်းဆုံး (၃) ဦး မှ အများဆုံး (၅) ဦးပါဝင်ဖွဲ့စည်းရမည်၊

(ခ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန် များကို ဆောင်ရွက်ရမည်-

(၁) တင်ဒါများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

၁၅။ "တင်ဒါကော်မတီ" သည် "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို အောက်ပါ အတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(က) "တင်ဒါကော်မတီ" သည် ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းမှကိုယ်စားလှယ် အနည်းဆုံး (၃) ဦးဖြင့် "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်၊

(ခ) "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" သည် အောက်ဖော်ပြပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်-

(၁) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါကပစ္စည်းများကိုစမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စိစစ်ခြင်း နှင့်အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

**တင်ဒါလုပ်ငန်းစဉ်များ**

၁၆။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရမည်-

(က) ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူရေးအစီအစဉ် ရေးဆွဲတင်ပြအတည်ပြုချက်ရယူခြင်း၊

(ဂ) စာချုပ်ဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း၊

(ဃ) တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြော်ငြာခြင်း၊

(င) တင်ဒါလက်ခံခြင်းနှင့် စိစစ်ခြင်း၊

(စ) တင်ဒါများကို အကဲဖြတ်သုံးသပ်ခြင်းနှင့် ကန်ထရိုက်အပ်နှင်းရန် အကြံပြုချက်များ ပါဝင်သည့် အစီရင်ခံစာများတင်ပြခြင်း၊

(ဆ) တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း၊

(ဇ) စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း၊

(ဈ) ငွေပေးချေခြင်းအပါအဝင် စာချုပ်ကို စီမံခန့်ခွဲခြင်း။

**ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း**

၁၇။ “တင်ဒါကော်မတီ” သည် တင်ဒါခေါ်ယူရမည့် လုပ်ငန်းများအတွက် ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက် ရရှိပြီးခြင်း ရှိ/မရှိ အောက်ပါအတိုင်း စိစစ်ရမည်-

(က) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲပြီး တင်ဒါခေါ်ယူမည့်စီမံကိန်း၊ လုပ်ငန်းများအား သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကရိယာ တန်ဆာပလာများ၊ ရုံးသုံးယာဉ်များနှင့် အခြားစရိတ်များအား သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ဂ) သာမန်အသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် ကုန်ကြမ်း၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ပညာရေး ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ စသည့်ကိစ္စရပ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲခဲ့သည့် စီမံကိန်း၊ လုပ်ငန်းများအတွက် သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲမည့် အကြီးစားပြင်ဆင်ထိန်းသိမ်းရေးကိစ္စရပ်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ဃ) နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲမည့် တည်ဆောက်ခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏နှစ်စဉ်နိုင်ငံခြားသုံးငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ။

**ဝယ်ယူရေးအစီအစဉ် ရေးဆွဲတင်ပြခြင်း**

၁၈။ ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရသုံးခန့်မှန်းခြေစာရင်း ဘဏ္ဍာငွေခွင့်ပြုချက် ရရှိမှုကို စိစစ်ပြီး အောက်ပါတို့ပါဝင်သည့် ဝယ်ယူရေးအစီအစဉ်ရေးဆွဲ၍ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ အဖွဲ့အစည်းအကြီးအကဲ သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်အား တင်ပြ အတည်ပြုချက်ရယူရမည်-

(က) တင်ဒါခေါ်ယူမည့် စီမံကိန်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဖော်ပြချက်များ၊

(ခ) ဘတ်ဂျက်လျာထားချက်/ ခွင့်ပြုဘဏ္ဍာရန်ပုံငွေ၊

(ဂ) ဝယ်ယူမည့် အစီအစဉ်၊

(ဃ) တင်ဒါဖွင့်ဖောက်မည့် ခန့်မှန်းနေ့ရက်၊

(င) တင်ဒါအပ်နှင်းမည့် ခန့်မှန်းနေ့ရက်၊

(စ) ပြီးစီးမည့် ခန့်မှန်းနေ့ရက်။

**တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း**

၁၉။ ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းများသည် "တင်ဒါကော်မတီ" ၏ ခွင့်ပြုချက်ရယူ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူရာတွင် အောက်ပါ တင်ဒါစာရွက်စာတမ်းများကို ပြင်ဆင်ရမည်-

(က) တင်ဒါဖိတ်ခေါ်စာ သို့မဟုတ် ကြော်ငြာ၊

(ခ) တင်ဒါပုံစံများ၊

(ဂ) စံချိန်စံညွှန်းသတ်မှတ်ချက်များ၊

(ဃ) တင်ဒါတင်သွင်းသူများသို့ ညွှန်ကြားချက်၊

(င) တင်ဒါအရည်အချင်းသတ်မှတ်ချက်၊

(စ) တင်ဒါစိစစ်အကဲဖြတ်မည့် အစီအစဉ်၊

(ဆ) စာချုပ်တွင်ပါဝင်ရမည့် အချက်များ။

**တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြော်ငြာခြင်း**

၂၀။ တင်ဒါကြော်ငြာရာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်း၏ အမည်နှင့် လိပ်စာ၊

(ခ) တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊

(ဂ) တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ၊

(ဃ) တင်ဒါ စာရွက်စာတမ်းများအတွက် ကျသင့်သည့် ဈေးနှုန်း၊

(င) တင်ဒါတင်သွင်းရမည့် နည်းလမ်း၊ နေရာနှင့် နောက်ဆုံးတင်သွင်းရမည့်နေ့ရက်။

**တင်ဒါတင်သွင်းခြင်း**

၂၁။ တင်ဒါအား တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် နည်းလမ်း၊ နေရာနှင့် အချိန်အတိုင်း တင်သွင်းရမည်။ တင်ဒါတင်သွင်းလွှာအား ရေးသားပြီး ချိတ်ပိတ်ထားသော စာအိတ်ဖြင့် တင်သွင်းရမည်။ တင်ဒါစာရွက်စာတမ်းတွင် တင်ဒါတည်မြဲသည့် ကာလကို ဖော်ပြရမည်။ အဆိုပါကာလသည် ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းအနေဖြင့် အကဲဖြတ်ခြင်းနှင့် ခွင့်ပြုချက်ရယူခြင်းအတွက် လုံလောက်သောအချိန်ဖြစ်ရမည်။ ရှုပ်ထွေးပြီး ကြီးမားသည့် စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့် နေ့ရက်မှစ၍ (၃) လထက် မပိုစေရ။ ရှုပ်ထွေးပြီး ကြီးမားသည့် စီမံကိန်းကြီးများအတွက်မူ "တင်ဒါကော်မတီ" မှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်။

၂၂။ တင်ဒါတင်သွင်းသူမှ တင်ဒါအာမခံကြေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှရယူ၍ တင်သွင်းနိုင်သည်။ တင်ဒါအာမခံကြေးသည် တင်ဒါတန်ဖိုး၏ (၁ %) ဖြစ်ပြီး သက်တမ်းမှာ တင်ဒါတည်မြဲမှုကာလ ကုန်ဆုံးသည့်နောက် (၂၈) ရက်အထိ ဖြစ်ရပါမည်။ ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း၊ စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်းနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုခြင်းတို့အတွက် တင်ဒါအာမခံကြေးမလိုအပ်ပါ။

**တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် တင်ဒါဖွင့်ဖောက်ခြင်းနှင့် စိစစ်ခြင်း**

၂၃။ တင်ဒါအား တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် နည်းလမ်း၊ နေရာနှင့် အချိန်အတိုင်း တင်ဒါတင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ရမည်။ တင်ဒါဖွင့်ဖောက်စဉ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို ကြေညာရမည်-

(က) တင်ဒါတင်သွင်းသူများ၏အမည်၊

(ခ) တင်သွင်းသည့် ဈေးနှုန်း၊

(ဂ) တင်ဒါအာမခံကြေး၏ပမာဏနှင့် တည်မြဲမှုကာလ။

၂၄။ ဝယ်ယူမည့် ဌာနအဖွဲ့အစည်းသည် တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် အကဲဖြတ်မှုစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ စိစစ်အကဲဖြတ်ရမည်။ တင်ဒါတင်သွင်းသူများအား စိစစ်အကဲဖြတ်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းအဆင့်များအတိုင်း ဆောင်ရွက်ရမည်-

(က) စာရွက်စာတမ်းပြည့်စုံမှု၊

(ခ) တင်ဒါအာမခံကြေး၊

(ဂ) သတ်မှတ်အရည်အချင်းပြည့်မီမှု၊

(ဃ) လိုအပ်ပါက ထုတ်လုပ်သူ၏ ခွင့်ပြုချက်၊

(င) တင်ဒါတင်သွင်းသူများ၏အတွေ့အကြုံ၊

(စ) စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု၊

(ဆ) လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီမှု၊

အထက်ပါ အချက်များအားလုံးအပေါ် အခြေခံပြီး တင်ဒါ အောင်/ရှုံးကို ဆုံးဖြတ်ရပါမည်၊

၂၅။ ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအတွက်မူ အကဲဖြတ်မှုကို အမှတ်ပေးစနစ် (rated point system) ဖြင့် ပြုလုပ်ရမည်။ အမှတ်ပေးစနစ်ကို အသုံးပြုလျှင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါတင်သွင်းသူများ၏အရည်အချင်းနှင့် အတွေ့အကြုံ | - | ၀ မှ ၁၀ မှတ်၊ |
| (ခ) | အသုံးပြုသည့် နည်းလမ်း | - | ၀ မှ ၁၀ မှတ်၊ |
| (ဂ) | အရေးကြီးသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု | - | ၀ မှ ၂၀ မှတ်၊ |
| (ဃ) | အဓိကကျသော ဝန်ထမ်းများ | - | ၀ မှ ၁၀ မှတ်၊ |
| (င) | ကမ်းလှမ်းသည့် ဈေးနှုန်း | - | ၅၀ မှ ၇၀ မှတ်။ |

တင်ဒါတင်သွင်းသူများကတင်သွင်းသည့် အနိမ့်ဆုံးဈေးနှုန်းကို အမှတ်အများဆုံးပေး၍ ကျန်အချက်များကို အချိုးကျတွက်ချက်ရမည်။ စုစုပေါင်း ရမှတ်သည် ၁၀၀ မှတ်ထက် မပိုစေရ။ တင်ဒါများသည် အထက်ဖော်ပြပါ လိုအပ်ချက်များနှင့် တင်ဒါစာရွက်စာတမ်းပါ အခြားလိုအပ်ချက်များနှင့် အများဆုံး ကိုက်ညီမှုရှိပါက ကမ်းလှမ်းသည့်ဈေးနှုန်းကို ထပ်မံသုံးသပ်၍ နည်းပညာစံချိန်စံညွှန်း ကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ ဈေးအနည်းဆုံးသော တင်ဒါကို ရွေးချယ်ရမည်။

**အကြံပေး၊ ဝန်ဆောင်မှုရယူခြင်းအတွက် တင်ဒါလက်ခံခြင်းနှင့် စိစစ်ခြင်း**

၂၆။ အကြံပေး၊ ဝန်ဆောင်မှုရယူရာတွင် ပြည်ထောင်စုအစိုးရ၏မူဝါဒဖြစ်သည့် ထူးခြားမှုရှိပြီး လိုအပ်သည့် အခြေအနေများအတွက်သာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။ အကြံပေးများငှားရမ်းဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ရရှိပြီးပါက ငှားရမ်းမည့် ဌာန၊ အဖွဲ့အစည်းသည် စိတ်ဝင်စားမှုအဆိုပြုလွှာ တောင်းခံ၍ အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းမှ အကြံပေးကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အဆိုပြုလွှာများ ပြင်ဆင်နိုင်ရန် အနည်းဆုံးရက်ပေါင်း (၃၀) ခွင့်ပြုပေးရမည်။

(ခ) နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား ချိတ်ပိတ်စာအိတ်များဖြင့် သီးခြားစီခွဲ၍ တင်ဒါတင်သွင်းရမည့် နေ့ရက်တွင် တစ်ပြိုင်တည်း တင်သွင်းစေရမည်။

(ဂ) "တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ" အနေဖြင့် လက်ခံရရှိသည့် နည်းပညာဆိုင်ရာ အဆိုပြုလွှာများ အားလုံးအား ဖွင့်ဖောက်ရမည်။ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား အများရှေ့မှောက်တွင် ဖွင့်ဖောက်ခြင်းမပြုဘဲ ချိပ်ပိတ်ထားရမည်။

၂၇။ အဆိုပြုလွှာများကို စိစစ်အကဲဖြတ်မှုကို အဆင့်နှစ်ဆင့်ဖြင့် ပြုလုပ်ရမည်။ ပထမဦးစွာ နည်းပညာဆိုင်ရာ အဆိုပြုလွှာ၏အရည်အချင်းနှင့် အရည်အသွေးကို အကဲဖြတ်ပြီးမှသာ ဘဏ္ဍာရေး ဆိုင်ရာ အဆိုပြုလွှာအား အကဲဖြတ်ရမည်။ နည်းပညာဆိုင်ရာ အကဲဖြတ်မှုမပြီးဆုံးမီ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာအား ဖွင့်ဖောက်ခြင်း မပြုလုပ်ရ။

၂၈။ "တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ" အနေဖြင့် နည်းပညာဆိုင်ရာအဆိုပြုလွှာတစ်ခုချင်းစီကို အကဲဖြတ်ရာတွင် အောက်ပါစံနှုန်းများကို အသုံးပြုရမည်-

(က) အကြံပေးသို့ ပေးအပ်မည့် လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ၊
(ခ) လုပ်ငန်းလုပ်ဆောင်မည့် နည်းလမ်း၊
(ဂ) အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များပါဝင်မှု၊
(ဃ) လုပ်ငန်းဆိုင်ရာရည်ညွှန်းဖော်ပြချက်တွင် ဖော်ပြထားသည့် နည်းပညာ / အတတ်ပညာ လွှဲပြောင်းပေးနိုင်မှု၊
(င) ပေးအပ်မည့် လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ် များတွင် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များပါဝင်မှု။

၂၉။ ရမှတ်ပေးရာတွင် အောက်ဖော်ပြပါ ရမှတ်သတ်မှတ်ချက်များအတွင်းရှိရမည်ဖြစ်ပြီး ရမှတ် (၁၀၀) ထက်မကျော်စေရပါ-

| | | |
|---|---|---|
| (က) | အကြံပေး၏ လုပ်ငန်းအတွေ့အကြုံ | - ၀ မှတ်မှ ၁၀ မှတ် အထိ၊ |
| (ခ) | လုပ်ငန်းလုပ်ဆောင်မည့် နည်းလမ်း | - ၂၀မှတ်မှ ၅၀ မှတ် အထိ၊ |
| (ဂ) | အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များ | - ၃၀မှတ်မှ ၆၀ မှတ်အထိ၊ |
| (ဃ) | နည်းပညာ/အတတ်ပညာ လွှဲပြောင်းပေးနိုင်မှု | - ၀ မှတ်မှ ၁၀ မှတ် အထိ၊ |
| (င) | ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆောင်ရွက်နိုင်မှု | - ၀ မှတ်မှ ၁၀ မှတ် အထိ။ |

**ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား ဖွင့်ဖောက်ခြင်း**

၃၀။ နည်းပညာအကဲဖြတ်မှုပြီးဆုံးပါက နည်းပညာဆိုင်ရာ သတ်မှတ်ထားသော အောင်မှတ်ရရှိသော အဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများကိုသာ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" မှ ဖွင့်ဖောက်စိစစ်၍ ဈေးနှုန်းအနည်းဆုံးတင်သွင်းသူအား စိစစ်ရွေးချယ်ရမည်။

**စာချုပ်ညှိနှိုင်းခြင်းနှင့် အပ်နှင်းခြင်း**

၃၁။ စာချုပ်ညှိနှိုင်းခြင်းတွင် လုပ်ငန်းတာဝန်၊ ဆောင်ရွက်မည့်နည်းလမ်း၊ ဝန်ထမ်းအရေအတွက်၊ ဝယ်ယူသူဘက်မှ ထောက်ပံ့ပေးရမည့်ကိစ္စများနှင့်အခြေအနေများအား ဆွေးနွေးရမည်ဖြစ်ပြီး ညှိနှိုင်း ဆွေးနွေးသည့် အစည်းအဝေးမှတ်တမ်း ထုတ်ပြန်ရမည်။ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" အနေဖြင့် အမှတ်အများဆုံးရရှိသောအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးခြင်းပျက်ခဲ့ပါက အဆင့်အလိုက် ရမှတ် အများဆုံးရရှိသော အကြံပေးနှင့် ညှိနှိုင်းဆွေးနွေးရမည်။

**တစ်ဦးချင်းအကြံပေးများရွေးချယ်ခြင်း**

၃၂။ တစ်ဦးချင်းအကြံပေးများအား သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ အရည်အသွေးရှိသော အနည်းဆုံးအကြံပေး (၃) ဦးအား နှိုင်းယှဉ်ခြင်းဖြင့် ရွေးချယ်ရမည်။ အဆိုပါအကြံပေး (၃) ဦးအား ၎င်းတို့မှ အဆိုပါလုပ်ငန်းအား စိတ်ဝင်စားကြောင်း ဖော်ပြချက်များမှသော်လည်းကောင်း၊ "တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ" မှ တိုက်ရိုက်ဆက်သွယ်ခြင်းဖြင့်သော်လည်းကောင်း ရယူနိုင်သည်။ ရွေးချယ်ရန် စဉ်းစားထားသောအကြံပေးများသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော အချက်အလက်များမှ အတွေ့အကြုံနှင့် အရည်အချင်းများပြည့်မီသူများကိုသာ နှိုင်းယှဉ်စဉ်းစားရွေးချယ်ရမည်။ "တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ" သည် "တင်ဒါကော်မတီ" ၏ ခွင့်ပြုချက်ရယူ၍ အကောင်းဆုံး အကြံပေးနှင့် ညှိနှိုင်း၍ စာချုပ်ချုပ်ဆိုရမည်။

**နိုင်ငံပိုင်ပစ္စည်းများငှားရမ်းခြင်းနှင့် ရောင်းချခြင်း**

၃၃။ "တင်ဒါကော်မတီ" အနေဖြင့် နိုင်ငံပိုင်မြေပေါ်ရှိ ပိုင်ဆိုင်ပစ္စည်းများ၊ မြေကွက်များနှင့် စက်ရုံများကို ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းများ၏ စာရင်းနှင့် အသေးစိတ်ဖော်ပြချက်၊

(ခ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" က ပစ္စည်းတစ်မျိုးစီအတွက် ကြမ်းခင်းဈေးကို တွက်ချက်ရမည်၊

(ဂ) "တင်ဒါကော်မတီ" အနေဖြင့် ရောင်းချမည့် ပစ္စည်းအား နိုင်ငံပိုင်သတင်းစာများနှင့် ဝန်ကြီးဌာန Website တွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် အနည်းဆုံး (၁) လကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာရမည်၊

(ဃ) ဝယ်ယူမည့် အဖွဲ့အစည်းသည် ကြော်ငြာတွင်ဖော်ပြထားသည့် နောက်ဆုံးရက်မတိုင်မီ ၎င်း၏ကမ်းလှမ်းချက်ကို ချိပ်ပိတ်စာအိတ်နှင့် တင်သွင်းရမည်။ ဝယ်ယူသူ၏ ကမ်းလှမ်းချက်ကို ၎င်းတို့ကမ်းလှမ်းချက်၏ အမြင့်ဆုံး ၁၀ % သို့မဟုတ် "တင်ဒါ ကော်မတီ" က ဆုံးဖြတ်သတ်မှတ်သည့်တန်ဖိုးကို တင်ဒါအာမခံကြေးအဖြစ် တင်သွင်းရမည်။ တင်ဒါအာမခံကြေး၏ တည်မြဲမှုကာလသည် တင်ဒါဖွင့်လှစ်သည့် နေ့ရက်မှ ရက်ပေါင်း (၆၀) အတွင်းဖြစ်သည်၊

(င) "တင်ဒါကော်မတီ" သည် စာအိတ်ကို ဖွင့်လှစ်ပြီးနောက် ပစ္စည်းအမည်၊ ဝယ်ယူသူနှင့် ၎င်းတို့၏ ကမ်းလှမ်းသည့် ဈေးနှုန်းကို ကြေညာရမည်၊

(စ) သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးနှင့်အတူ ကြမ်းခင်းဈေးထက် ဈေးနှုန်းအမြင့်ဆုံး ကမ်းလှမ်းသည့် ဝယ်ယူသူအား ရွေးချယ်ရမည်၊

(ဆ) တင်ဒါတင်သွင်းသူအားလုံး၏ ဈေးနှုန်းအဆိုပြုချက်များသည် သတ်မှတ်သည့် ကြမ်းခင်းဈေးထက် လျော့နည်းပါက "တင်ဒါကော်မတီ" အနေဖြင့် ခိုင်လုံသည့်အကြောင်းပြချက်ဖြင့် ရောင်းချမှုကို ပယ်ဖျက်နိုင်သည်။

**ရောင်းချခြင်းအတွက် ငွေပေးသွင်းမှု**

၃၄။ နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်းအတွက် ငွေပေးသွင်းမှုကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ နိုင်ငံတော်စာရင်းဖြစ်သော ငွေတိုက်ဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-012672 သို့ ပေးသွင်းရမည်။ ငွေပေးသွင်းမှုကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရောင်းချငွေတန်ဖိုး၏ (၃၀%) ကို လက်ခံကြောင်းအကြောင်းကြားစာရရှိပြီး (၁) လအတွင်း ငွေပေးသွင်းရပါမည်၊

(ခ) ပထမအရစ်ပေးသွင်းပြီးနောက်ကျန်ငွေ(၇၀%)ကိုအောက်ပါအတိုင်းပေးသွင်းရမည်-

(၁) ရောင်းချငွေတန်ဖိုး ကျပ်သန်း (၁၀၀၀) အောက်အတွက် ကျန်ငွေ (၇၀%)ကို လက်ခံကြောင်းအကြောင်းကြားစာရရှိပြီး (၆)လအတွင်း အပြီးပေးသွင်းရပါမည်၊

(၂) ရောင်းချငွေတန်ဖိုး ကျပ်သန်း (၁၀၀၀) အထက်အတွက် ကျန်ငွေ (၇၀ %) ကို လက်ခံကြောင်းအကြောင်းကြားစာရရှိပြီး (၉) လအတွင်းအပြီး ပေးသွင်းရမည်၊

(ဂ) ကနဦးငွေပေးသွင်းရန် ပျက်ကွက်ပါက တင်ဒါအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းယူရမည်။ ကနဦးငွေပေးသွင်းပြီး ကျန်ငွေကို ပေးသွင်းခြင်းမရှိပါက ကနဦး ပေးသွင်းသည့် ငွေကိုလည်း နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းယူရမည်။

၃၅။ နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းခြင်းအား အထက်တွင် ဖော်ပြထားသော ရောင်းချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရပါမည်။

**ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှု**

၃၆။ ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှုကို သက်ဆိုင်ရာငှားရမ်းသည့် အစိုးရဌာနအဖွဲ့အစည်းက စာချုပ်ပါ ငှားရမ်းခနှုန်းထားများအတိုင်း လက်ခံရယူ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ငွေစာရင်းသို့ ပေးသွင်းရန် ဖြစ်ပါသည်။ နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စာချုပ်လက်မှတ်ရေးထိုးသည့် နေ့ရက်တွင် ငှားရမ်းမှုတန်ဖိုး၏ (၁) လစာအား စပေါ် ငွေအဖြစ် ထားရှိရမည်၊

(ခ) ငှားရမ်းမှုမစတင်မီ ငှားရမ်းခ (၁၂) လစာ အား ကြိုတင်ပေးသွင်းရမည်၊

(ဂ) ကျန်ငွေများကို စာချုပ်ပါ စည်းကမ်းချက်အတိုင်း ပေးသွင်းရမည်၊

**တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း**

၃၇။ "တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ" သည် အကဲဖြတ်မှုအစီရင်ခံစာအား အကြံပြုချက်များနှင့်အတူ ပြုစု၍ "တင်ဒါကော်မတီ" ထံ တင်ပြရမည်။ အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သူများနှင့် မရွေးချယ်ရသည့် ရှင်းလင်းချက်များကို ဖော်ပြရမည်။ "တင်ဒါကော်မတီ" မှ တင်ဒါရွေးချယ်မှုအား သက်ဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ရရှိပြီးပါက တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာပြီး ကန်ထရိုက်အပ်နှင်းခြင်းကို ဆောင်ရွက်ရမည်။ ကော်မတီသည် အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သော တင်ဒါတင်သွင်းသူများအား တရားဝင်အကြောင်းကြားပြီး တင်ဒါအာမခံကြေးကို (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းအာမခံကြေးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်တစ်ခုခုမှရယူ၍ တင်ဒါစာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း တင်သွင်းရမည်။ လုပ်ငန်းအာမခံကြေး တင်သွင်းပြီးပါက စာချုပ်တွင် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူ ပေးသွင်းထားသည့် တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးရမည်။ လုပ်ငန်းအာမခံကြေးသည် စာချုပ်တန်ဖိုး၏ (၁၀%) ဖြစ်သည်။ ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်းအတွက် လုပ်ငန်းအာမခံကြေး မလိုအပ်ပါ။

**စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း**

၃၈။ ဝယ်ယူမည့် ဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါအောင်မြင်သူနှင့် ချုပ်ဆိုမည့် စာချုပ်များတွင် အောက်ပါအချက်များပါဝင်ရမည်-

(က) စာချုပ်ချုပ်ဆိုသည့် နှစ်ဖက်အဖွဲ့အစည်းများ၏ အချက်အလက်များ၊

(ခ) ပေးသွင်းရမည့်ပစ္စည်းနှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအတွက် သတ်မှတ်ဖော်ပြချက်များ၊ အရေအတွက်နှင့် လုပ်ငန်းပမာဏ၊

(ဂ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု ပေးသွင်းရမည့် နေရာနှင့် အချိန်၊

(ဃ) စာချုပ်တန်ဖိုးနှင့် ပေးဆောင်ရမည့် အခွန်၊

(င) ပေးချေမည့် ငွေအမျိုးအစား(ကျပ်ငွေ သို့မဟုတ် သတ်မှတ်နိုင်ငံခြားငွေ)၊

(စ) ငွေပေးချေမည့် ကာလနှင့် အစီအစဉ်၊

(ဆ) စာချုပ်ပါ အခြားအချက်/ အခြေအနေများ၊

(ဇ) ဝန်ဆောင်မှုနှင့် အာမခံကာလ၊

(ဈ) လုပ်ငန်းအာမခံကြေးပြန်လည်ထုတ်ပေးမည့် အစီအစဉ်၊

(ည) မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) အတွက် ဆောင်ရွက်မည့်အစီအစဉ်၊

(ဋ) မူပိုင်ခွင့်နှင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့်၊

(ဌ) စာချုပ်ပြင်ဆင်ခြင်း သို့မဟုတ် စာချုပ်ဖျက်သိမ်းခြင်း၊

(ဍ) နှောင့်နှေးကြန့်ကြာမှုနှင့်ဒဏ်ကြေး။

**ငွေပေးချေမှုဆိုင်ရာသတ်မှတ်ချက်များ**

၃၉။ ချုပ်ဆိုရမည့် စာချုပ်တွင်ပေးချေမည့်ကျပ်ငွေ သို့မဟုတ် သတ်မှတ်နိုင်ငံခြားငွေ ဖော်ပြ၍ ငွေပေးချေရမည့် နည်းလမ်းနှင့် ပေးချေမည့် အဆင့်များပါဝင်ရမည်။ ငွေပေးချေမှုဆိုင်ရာအဆင့်များမှာ ကြိုတင်ငွေပေးချေမှု၊ နိုင်ငံခြားမှပစ္စည်းများကို သင်္ဘောတင်ချိန်တွင်ပေးချေမှု၊ ပစ္စည်းရောက်ရှိချိန်တွင် ပေးချေမှုနှင့် ပစ္စည်းများကို စိစစ်လက်ခံသည့် အချိန်တွင် ပေးချေမှုတို့ဖြစ်သည်။ ကြိုတင်ငွေပေးချေမှုသည် စာချုပ်တန်ဖိုး၏ (၁၀%) ထက် မပိုစေရ။ ပစ္စည်းပေးသွင်းသူသည် ကြိုတင်ငွေပေးချေမှုအာမခံအဖြစ် စာချုပ်တန်ဖိုး၏ (၁၀ %)ကို တင်သွင်းရမည်။

၄၀။ ကျွမ်းကျင်ပညာရှင်ငှားရမ်းခြင်း၊ လုံခြုံရေးဝန်ဆောင်မှုရယူဆောင်ရွက်ခြင်းစသည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ငွေပေးချေခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငှားရမ်းသည့်အကြံပေး၊ ကျွမ်းကျင်ပညာရှင်၏ အလုပ်လုပ်ရက်အပေါ် မူတည်၍ လစဉ် ငွေပေးချေခြင်း၊

(ခ) ငှားရမ်းသည့်ကာလအပေါ် မူတည်၍ စာချုပ်ချုပ်ဆိုချိန်တွင် (၂၅ %) ပေးချေခြင်း။ ကျန်ကာလများအတွက် အရစ်ကျပေးချေခြင်းနှင့် လုပ်ငန်းပြီးစီးချိန်တွင် စာချုပ်တန်ဖိုး၏ ကျန်ငွေအား ပေးချေခြင်း၊

**တင်ဒါတင်သွင်းသူများ၏ အရည်အချင်းသတ်မှတ်ချက်**

၄၁။ ပြည်တွင်းမှ တင်ဒါတင်သွင်းသူများသည် အောက်ပါအချက်များနှင့် ကိုက်ညီရပါမည်-

(က) နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ ဖြစ်ရမည်၊

(ခ) နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်များ ပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်၊

၄၂။ ပြည်ပမှဝယ်ယူခြင်းအတွက် နိုင်ငံတကာတင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် တင်ဒါ အောင်မြင်၍ စာချုပ်ချုပ်ဆိုခြင်းမပြုမီ နိုင်ငံအတွင်း၌ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီးဖြစ်ရမည်။

**ဝယ်ယူရေးဆိုင်ရာမှတ်တမ်းတင်ခြင်း**

၄၃။ ဝယ်ယူမည့်ဌာနအဖွဲ့အစည်းသည် တင်ဒါလုပ်ငန်းစဉ်များအားလုံးကို မှတ်တမ်းထားရှိပြီး အောက်ပါ မှတ်တမ်းများအား အနည်းဆုံး (၃) နှစ် ထိန်းသိမ်းထားရှိရမည်-

(က) လက်ခံရရှိသည့် တင်ဒါများ၊

(ခ) စိစစ်အကဲဖြတ်မှု အစီရင်ခံစာ၊

(ဂ) တင်ဒါကော်မတီ၏မှတ်တမ်း၊

(ဃ) လက်မှတ်ရေးထိုးပြီး စာချုပ်၊

(င) ငွေပေးချေမှုဆိုင်ရာအချက်အလက်များ၊

(စ) လက်ခံရရှိကြောင်း အသိအမှတ်ပြုစာ၊

(ဆ) အခြားဆက်စပ် စာရွက်စာတမ်းများ။

**တင်ဒါအား ငြင်းပယ်ခြင်း**

၄၄။ "တင်ဒါကော်မတီ" အနေဖြင့် အောက်ပါအကြောင်းအချက်များဖြင့် တင်ဒါအားလုံး သို့မဟုတ် တင်ဒါအချို့အား ငြင်းပယ်နိုင်သည်-

(က) တင်ဒါတင်သွင်းသူ တစ်ဦးမျှမရှိခြင်း၊

(ခ) တင်ဒါတင်သွင်းသူများအကြား ညှိနှိုင်းဆောင်ရွက်သည်ဟု သံသယရှိခြင်း၊

(ဂ) တင်ဒါတင်သွင်းသူများနှင့် စိစစ်ရွေးချယ်သူများအဂတိလိုက်စားမှုတွင် ပါဝင်သည်ဟု သံသယရှိခြင်း၊

(ဃ) နည်းပညာစံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး တင်သွင်းသည့်တင်ဒါ၏ အနိမ့်ဆုံးဈေးနှုန်းသည် ခွင့်ပြုဘတ်ဂျက်ထက် မြင့်မားနေခြင်း၊

(င) တင်ဒါအားလုံး သို့မဟုတ် တင်ဒါအချို့အား ငြင်းပယ်ရာတွင် "တင်ဒါကော်မတီ"သည် လုံလောက်သည့် အကြောင်းပြချက်ဖြင့် မှတ်တမ်းရေးသွင်း၍ ပယ်ဖျက်ရမည်၊

(စ) ဈေးနှုန်းသက်သာရန် အကြောင်းပြချက်တစ်ခုတည်းဖြင့် တင်ဒါအားလုံး သို့မဟုတ် တင်ဒါအချို့အား ငြင်းပယ်၍ တင်ဒါအသစ်ပြန်လည်ခေါ်ယူခြင်း မပြုရ၊

(ဆ) အနည်းဆုံးဈေးနှုန်းသည် သတ်မှတ်ကြမ်းခင်းဈေးထက် သိသာထင်ရှားစွာ မြင့်မားနေပါက ထိုသို့မြင့်မားရသည့် အကြောင်းရင်းအားဖော်ပြ၍ ဤတင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါပြန်လည်ခေါ်ယူရေး ဆောင်ရွက်နိုင်သည်။

**တားမြစ်ချက်များ**

၄၅။ တင်ဒါတင်သွင်းသူများ၊ ဝယ်ယူသူများနှင့် ပစ္စည်းများ၊ အကြံပေးဝန်ဆောင်မှုရယူခြင်း၊ အကြံပေး မဟုတ်သော ဝန်ဆောင်မှုရယူခြင်း စသည့် ဝယ်ယူခြင်းနှင့် နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းရောင်းချခြင်းတွင် ပါဝင်ပတ်သက်သူများအားလုံးသည် ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျင့်ဝတ်နှင့်သိက္ခာကို စောင့်ထိန်း ရမည်ဖြစ်ပြီး လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ အဂတိလိုက်စားခြင်းတို့ကို ရှောင်ကြဉ်ရမည်။ လာဘ်ပေး လာဘ်ယူပြုလုပ်ခြင်း၊ အဂတိလိုက်စားခြင်းတို့တွင် ပါဝင်ပတ်သက်သည့် ဖြစ်ရပ်များပေါ်ပေါက်ပါက အောက်ပါအတိုင်းအရေးယူဆောင်ရွက်ရမည်-

(က) စာချုပ်နှင့် တင်ဒါကို ပယ်ဖျက်ခြင်း၊

(ခ) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းမှ ဝန်ထမ်းများအား တည်ဆဲစည်းမျဉ်းစည်းကမ်းများ နှင့်အညီ ဌာနဆိုင်ရာအရေးယူခြင်းနှင့် အပြစ်ပေးခြင်း၊

(ဂ) တင်ဒါတင်သွင်းသူများ၊ ပစ္စည်းပေးသွင်းသူများ သို့မဟုတ် ဝယ်ယူသူများအား တင်ဒါ ယှဉ်ပြိုင်ခွင့် ကန့်သတ်ခြင်း။

**တိုင်ကြားမှုကို ဖြေရှင်းခြင်း**

၄၆။ တင်ဒါရွေးချယ်သည့် လုပ်ငန်းစဉ်တွင် တင်ဒါတင်သွင်းသူမှ ခိုင်လုံသည့် အကြောင်းပြချက် အထောက်အထားများဖြင့် နစ်နာကြောင်း တိုင်ကြားမှုပေါ်ပေါက်ပါက "တင်ဒါကော်မတီ" မှ စုံစမ်း စစ်ဆေးမှု ဆောင်ရွက်ရမည်။ "တင်ဒါကော်မတီ" ၏ ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ရယူ၍ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး(၃)ဦးပါဝင်သည့် "တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့" ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၄၇။ "တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့" သည် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဝယ်ယူရေးနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများကို လက်ခံခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊

(ခ) တိုင်ကြားသည့် တင်ဒါတင်သွင်းသူများအား ခေါ်ယူ၍ ဆွေးနွေးခြင်း၊

(ဂ) တိုင်ကြားမှုများအပေါ် ဆုံးဖြတ်ခြင်း၊

(ဃ) တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

**အထွေထွေ**

၄၈။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ အနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လျက်ရှိသည့် စက်နှင့် စက်ပစ္စည်းကိရိယာတန်ဆာပလာများ အတွက် အစားထိုးလဲလှယ်ရန် လိုအပ်သည့် စက်အရန်ပစ္စည်းများသည် မူလပစ္စည်း တင်သွင်းသူထံမှ ရရှိနိုင်မည့် ပစ္စည်းများဖြစ်ပါက မူလပစ္စည်းတင်သွင်းသူ သို့မဟုတ် မူလပစ္စည်းထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူနိုင်သည်၊

(ခ) ဝယ်ယူသည့်တန်ဖိုးသည် ကျပ် သန်း ၁၀၀၀ ထက် များသည့် တင်ဒါခေါ်ယူခြင်းများ အတွက် တင်ဒါဖွင့်လှစ်မှုများကို ဓါတ်ပုံ၊ ဗွီဒီယိုတို့ဖြင့် မှတ်တမ်းတင်ထားရှိရမည်၊

(ဂ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးနှင့် အီလက်ထရောနစ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အတွက် တင်ဒါတင်သွင်းသူ ကန့်သတ်၍ တင်ဒါခေါ်ယူခြင်းနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆို၍ ဝယ်ယူခြင်းများအား ကာကွယ်ရေးဝန်ကြီးဌာန၏မူဝါဒနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ သီးခြားဆောင်ရွက်နိုင်ပြီး ကျန်ပစ္စည်းဝယ်ယူရေး ကိစ္စရပ်များကို ဤညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) လုပ်ငန်းသဘောသဘာဝအရ ရင်းနှီးမြှုပ်နှံမှုအတွက် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများ (Public Private Partnership-PPP) (ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ကွက်များ၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံများတည်ဆောက်ခြင်း၊ လျှပ်စစ်ဓါတ်အားပေး စက်များငှားရမ်းခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ခွင့်ပြုခြင်း၊ သတ္တုတူးဖော်ခြင်း လုပ်ငန်းများအတွက်) သီးခြားတင်ဒါလုပ်ထုံးလုပ်နည်းရေးဆွဲ၍ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ရမည်၊

(င) လုပ်ငန်းလိုအပ်ချက်အရ မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းနှင့်ကိုက်ညီမှုရှိသည့် နိုင်ငံတော်ပိုင်စက်ရုံအလုပ်ရုံမှ ထုတ်လုပ်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝန်ကြီးဌာနအချင်းချင်း တိုက်ရိုက် ညှိနှိုင်းစာချုပ် ချုပ်ဆို၍ ဝယ်ယူနိုင်သည်၊

(စ) မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ် (Competitive Bidding System) ဖြင့် ရောင်းချရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကျောက်မျက်ရတနာပြပွဲတွင် လိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရမည်၊

(ဆ) နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သည့် ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ အကြံပေးငှားရမ်းခြင်းများအတွက် ချေးငွေ၊ထောက်ပံ့ငွေပေးအပ်သည့် အဖွဲ့အစည်းများမှ သတ်မှတ်ထားသော ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းအဖွဲ့အစည်းများမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများမရှိပါက ဤညွှန်ကြားချက်ကို လိုက်နာရမည်၊

(ဇ) တင်ဒါလုပ်ငန်းဆောင်ရွက်နေစဉ် မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များ (Force majeure) ၊ (ဥပမာ။ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ မငြိမ် မသက်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း၊ လုပ်ငန်းယာယီပိတ်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်းစသည်ဖြင့်) ပေါ်ပေါက်သောကြောင့် စာချုပ်ပြင်ဆင်လိုပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက် ရယူ၍ စာချုပ်ပြင်ဆင်ရမည်၊

(ဈ) စာချုပ်ချုပ်ဆိုပြီးနောက် သတ်မှတ်ကာလအတွင်းတင်ဒါ အောင်မြင်သူမှပစ္စည်းပေးသွင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ပေးခြင်းမပြုပါက ရက်ပေါင်း ၁၂၀ အတွင်း စာချုပ်ကို ဖျက်သိမ်းရေးဆောင်ရွက်နိုင်ပြီး တင်ဒါအောင်မြင်သူက အစိုးရဌာန၊ အဖွဲ့အစည်းများက ပေးချေထားသည့် ငွေများအားလုံးကို အပြည့်အဝပြန်လည် ပေးသွင်းပြီးမှသာ စာချုပ်ကို ဖျက်သိမ်းရမည်၊

(ည) စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်စုံတစ်ခုသော အကြောင်းအချက်အရ နှစ်ဖက်အငြင်းပွားမှုဖြစ်ပွားလျှင် တရားရုံး၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၄၉။ နိုင်ငံတော်သမ္မတရုံး၏ ၅ - ၄ - ၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၃) ဖြစ်သည့် **"ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များ"** ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၅၀။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများကို ဤလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

အမိန့်အရ

ဝင်းကျော်အောင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၅၈ ( ၁ ) / ၈ / သမ္မတရုံး
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ **၁၀** ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး ( ရုံး၊ ဌာနကြီးများအားလုံး )
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း ( ၁ ) တွင် ထည့်သွင်းကြေညာပေးပါရန်။